SHWE TAUNG
CEMENT CO.,LTD.

04473

သတင်းထုတ်ပြန်ချက်

## မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာရှိ **Shwe Taung Cement** ဘိလပ်မြေစက်ရုံ တိုးချဲ့တည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍ **Public Forum** ကျင်းပပြုလုပ်

မြန်မာနိုင်ငံ၊ ရန်ကုန်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက် - Shwe Taung Group ၏ လုပ်ငန်းခွဲတစ်ခု ဖြစ်သော Shwe Taung Cement ၏ မန္တလေးတွင်တည်ရှိသော ဘိလပ်မြေစက်ရုံ တိုးချဲ့ တည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ဆန်းစစ်သုံးသပ်ချက် အစီရင်ခံစာမူကြမ်း (ESIA) နှင့်ပတ်သက်သော Public Forum တစ်ခုကို ကျင်းပပြုလုပ်ခဲ့သည်။

ယနေ့ Novotel Yangon Max Hotel တွင် ပြုလုပ်ကျင်းပသော Public Forum အား အစိုးရဌာနမှ ပုဂ္ဂိုလ် များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) မှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရှိ Private နှင့် Public ကဏ္ဍမှ စိတ်ပါဝင်စားသူ ပုဂ္ဂိုလ်များ တက်ရောက်ပါဝင် ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတကာ အတိုင်ပင်ခံ လုပ်ငန်းတစ်ခု ဖြစ်သော ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံစိတ်ချရေးဆိုင်ရာ အကြံပေးအဖွဲ့ဖြစ်သည့် Environmental Resource Management (ERM) မှ ဦးဆောင်၍ အဆိုပါ တိုးချဲ့လုပ်ဆောင်မည့် စီမံကိန်းနှင့် ပတ်သက်သည့် ESIA အား ဆွေးနွေးတင်ပြမှုများ ပြုလုပ်ခဲ့သည်။ အဆိုပါစီမံကိန်းကို ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှု ပေးရန် အဆိုပြုတင်ပြခြင်းကို ရရှိထားသည့် International Finance Corporation (IFC) နှင့် Shwe Taung Cement တို့မှ တာဝန်ရှိ ကိုယ်စားပြု ပုဂ္ဂိုလ်များ ပါဝင် တက်ရောက်ခဲ့ကြသည်။

အဆိုပါစီမံကိန်းသည် မန္တလေးတိုင်း၊ သာစည်မြို့နယ်၊ ပြည်ညောင်ကျေးရွာတွင် လက်ရှိဆောင်ရွက်လုပ်ကိုင် လျက်ရှိသော Shwe Taung Cement ၏ ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေတိုးချဲ့ ထုတ်လုပ်နိုင်ရန် ကျောက်မီး သွေးထုတ်လုပ်မှုနှင့် ဘိလပ်မြေကြိတ်ခွဲနိုင်စွမ်းတို့ကို တိုးမြှင့်ရန်အတွက် ဖြစ်ပါသည်။ စီမံကိန်း၏ ခန့်မှန်း ခြေစုစုပေါင်း ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ (၁၁၀) သန်း ဖြစ်ပြီး IFC မှ အမေရိကန်ဒေါ်လာ (၁၅) သန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံကာ ချေးငွေပမာဏမှ အမေရိကန်ဒေါ်လာ (၂၀) သန်း ရရှိရန် အဆိုပြုတင်ပြ ထားသည်။

၎င်း Public Forum တွင် Shwe Taung Cement မှ စီမံကိန်းဆိုင်ရာအကြောင်းအရာများကို မိတ်ဆက် ရှင်းလင်း၍ တိုးချဲ့လုပ်ဆောင်မည့် အဆိုပါစီမံကိန်းအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၂၀၀)



No (94), Building (A), Nat Mauk Road, Bo Cho Ward, Bahan Townhsip, Yangon, Myanmar.
Telephone : 95-1-8603345, 8603346, Fax : 95-1-8603347
www.shwetaungcement.com

အား တိုက်ရိုက် ရရှိဖော်ဆောင်ပေးနိုင်မည်ဖြစ်ပြီး သွယ်ဝိုက်သောအားဖြင့် အလုပ်အကိုင်ပေါင်း (၄၀၀၀) ခန့်ကို ဖြစ်ထွန်းပေါ်ပေါက်စေမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။ ဆက်လက်၍ ERM မှ စီမံကိန်းနှင့် ပတ်သက်သည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်များ အပါအဝင် ထိခိုက်မှုဘေးအန္တရာယ် လျော့ချနိုင်မှု တိုင်းတာချက်များ၊ ဇီဝမျိုးစုံ၊ မျိုးကွဲ လေ့လာဆန်းစစ်မှုအကဲဖြတ် လေ့လာတွေ့ရှိချက်များနှင့် ထိခိုက်မှု ဘေးအန္တရာယ် လျော့ချနိုင်မှု တိုင်းတာချက်များ စသည်တို့ကို တင်ပြရှင်းလင်းခဲ့သည်။ လေ့လာတွေ့ရှိချက်များနှင့် စပ်လျဉ်း၍ စီမံကိန်းတည်ဆောက်အကောင်အထည်ဖော် လုပ်ကိုင်ရာတွင် ထိရောက်မှုရှိသော ထိခိုက်မှုဘေးအန္တရာယ် လျော့ချနိုင်မှုဆိုင်ရာ လုပ်ဆောင်ချက်များအား စစ်ဆေးလုပ်ဆောင်နိုင်ရန်အတွက် စီမံကိန်းဆိုင်ရာ လိုက်နာကျင့်ကြံရမည့် နည်းလမ်းများ၊ လုပ်ဆောင်ချက်များကို ဖော်ပြဆွေးနွေးခဲ့သည်။ ထို့ပြင် IFC မှ ချမှတ် ဆောင်ရွက်သော လုပ်ဆောင်မှုဆိုင်ရာ စံချိန်စံညွှန်း (Performance Standard) သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် လိုက်နာဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များကို ESAP တွင် ထည့်သွင်း ဖော်ပြကာ အဆိုပါ ESMP နှင့် ESAP တို့အရ ၎င်းစီမံကိန်းအား ကမ္ဘာ့အဆင့်မီ ကောင်းမွန်သော လုပ်ထုံးလုပ်နည်းများဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်သည်။

တက်ရောက်လာသော ပုဂ္ဂိုလ်များမှ အဆိုပါစီမံကိန်း၏ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ဆန်းစစ်သုံးသပ်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အမြင်များ၊ ယူဆချက်များကို ထည့်သွင်းစဉ်းစားနိုင်ရန် ပါဝင်ဆွေးနွေး ခဲ့သည်။

"ယခုပြုလုပ်တဲ့ Public Forum ဟာ ရွှေတောင်က ခံယူကျင့်သုံးလျက်ရှိတဲ့ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ခံမှုနဲ့ ပွင့်လင်းမြင်သာမှုတစ်ခု ဖြစ်ကြောင်း၊ ကျွန်တော်တို့အနေနဲ့ ရပ်ရွာလူထုအပါအဝင် ကျွန်တော်တို့ရဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ပါဝင်ပတ်သက်သူများရဲ့ ပိုမိုကောင်းမွန်းစွာဆောင်ရွက်နိုင်မယ့် အကြံပြုချက်များကို ဝမ်းမြောက်စွာကြားလိုပါကြောင်း၊ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ လုပ်ဆောင်မှု စီမံချက်ဟာ ကမ္ဘာ့အဆင့်မီ ကောင်းမွန်တဲ့ လုပ်ထုံးလုပ်နည်းများအဖြစ် ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း၊ ကျွန်တော်တို့ရဲ့ သင်ယူလုပ်ကိုင်မှု ခရီးလမ်းဖြစ်ပြီး မြန်မာ့ဘိလပ်မြေလုပ်ငန်းအတွက် ကောင်းမွန်သော လုပ်ဆောင်မှုတစ်ခုအဖြစ် အထောက်အကူဖြစ်စေရန် မျှော်လင့်ပါကြောင်း" Shwe Taung Group CEO ဦးအောင်ဇော်နိုင်မှ ပြောကြားသွားသည်။

Shwe Taung Cement အနေဖြင့် မန္တလေးတိုင်း သာစည်မြို့နယ် နှင့် စစ်ကိုင်းတိုင်း ကလေးဝမြို့နယ်တို့တွင် လည်း အလားတူ Public Forum အား ယခုလအတွင်း ကျင်းပပြုလုပ်မည် ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ပါဝင်တတ်ရောက်နိုင်ပါသည်။

###

သတင်းမီဒီယာပိုင်းဆိုင်ရာ မေးမြန်းလိုသည်များရှိပါလျှင် ဆက်သွယ်ရန် -


ဦးအောင်ခိုင်ညီ

info@shwetaungcement.com

+၉၅ ၉ ၉၇၇၈၃၀၂၆၉